ဖန်ဆင်းမှု

မေးသူ- ဂျူဂျူ (ရန်ကုန်၊ ၂၀၁၀၂ ဖေဖော်ဝါရီလ ၁၇ ရက်)

၂။ စကြာဝဠာ တစ်ခုလုံးဟာ ဒီသမုဋ္ဌာန် (၄)ပါးကို အခြေခံပါတယ် ဘယ်ဖန်ဆင်းရှင်မှ ဖန်ဆင်းထားတာ မဟုတ်ဘူး (ဗုဒ္ဓဝါဒပြဿနာများ ဘိက္ခု အရိယဓမ္မ BA ကဖြေကြားထားသော စာအုပ် စာမျက်နှာ ၈၂)

သမီး ဂျူဂျူက ဓမ္မစရိယများ ပြောတဲ့ စကားကို အတော်လေး အတည်လို့ ခံယူထားပုံ ရပါတယ်။ ဘိက္ခု အရိယဓမ္မ ကောက်ချက်ချသမျှကို ကိုယ်တော်ဂေါတမက ပြောတာလို့များ ခံယူမိပါသလား။ (ဒါဆို သမီးလည်း အစဉ်အလာ သုံးဆယ့်တစ်ဘုံကို လက်မခံသူ ဖြစ်ရပါတော့မယ်။ ဘိက္ခု အရိယ ဓမ္မက လူသေလူဖြစ် ဆရာတော်ရှင်ဥက္ကဋ္ဌရဲ့ တပည့်ရင်း ဖြစ်တယ်လေ။- ဗဟုသုတ ဖြည့်ပေးတာပါ။) အန်ကယ်က အမေရိကန်မှာ နေတာ ဆိုတော့ အရိယဓမ္မရဲ့ စာအုပ် လက်ထဲမှာ မရှိဘူး။ စာမျက်နှာကိုလည်း လှန်မကြည့်ဖြစ်ဘူးပေါ့ (ဟိုး နှစ်ပေါင်း ၂၀ လောက်က ဖတ်ဘူးပါတယ်။) ဒါပေမယ့် "သမုဋ္ဌာန်" လေးပါးဆိုတာ- ကံ၊ စိတ်၊ ဥတု၊ အဟာရ လို့ ဆိုလိုတယ်ပေါ့။ အဲ့ဒီ စကြာဝဠာ ဖြစ်စေဘို့ "စိတ်" ဆိုတဲ့ ခံစားချက်က ဘယ်က လာပါသလဲ။ ဘယ်သူ့ရဲ့ စိတ်လဲ။ သမီး စဉ်းစားမိရဲ့လား။ သဘာဝဓမ္မနဲ့ စိတ်နဲ့ ပေါင်းစပ်တာလို့လည်း အရိယ ဓမ္မက ပြောဘူးတာ ရှိတယ်။ သူက သေသွားပြီဆိုတော့ သူ့ကို မေးလို့ မရတော့ ဘူးလေ။ သမီးကိုပဲ မေးပါမယ်။ သဘာဝဓမ္မဆိုတာ ဘာကို ခေါ်တာလဲ။ အဲ့ဒီ သဘာဝ ဓမ္မနဲ့ ပေါင်းစပ်မယ့် "စိတ်" ဆိုတဲ့ ခံစားချက်က ဘယ်ကလာခဲ့တာလဲ။ (နောက်ဆုံး နောက်ဆုံး ဇစ်မြစ်ထိ ဆင်ခြင်ပါ။) ပြီးမှ အဖြေ ပေးပါ။ ဒါဆိုရင် သမီးအနေနဲ့ Conception of God မဟုတ်တဲ့ Natural God ကို သိလာပါလိမ့်မယ်။ အဲ့ဒီ ဇစ်မြစ် ပရမတ်ဘုရား မရှိပါဘူးလို့ ကိုယ်တော်ဂေါတမက မငြင်းခဲ့ဘူးလို့ အန်ကယ် တိတိကျကျ ပြောနိုင်ပါတယ်။ ငြင်းခဲ့ပါတယ်လို့ ပြောတဲ့ ပုဂ္ဂိုလ် ရှိနေရင် အန်ကယ်နဲ့ ဆွေးနွေးလိုပါတယ်။ ဆွေးနွေးသူကတော့ ပိဋကတ်ကို ကိုင်ပြောရမှာနော်။

ဦးဌေးလွင်ဦး